မိုးလုံလေလုံတင်းနစ်အားကစားကွင်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မိုးလုံလေလုံတင်းနစ်အားကစားကွင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၇ နာရီ မိနစ် ၄၀က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က မိုးလုံလေလုံတင်းနစ်အားကစားကွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မိုးလုံလေလုံတင်းနစ်အားကစားကွင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ချစ်ကြည်ရေး တင်းနစ်ပြိုင်ပွဲများ ကျင်းပသည်။

အဆိုပါ မိုးလုံလေလုံ အားကစားကွင်းကို မြန်မာတင်းနစ်အားကစား ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်လျက် မိုးရာသီတွင် မြန်မာ့တင်းနစ်အားကစားသမားများ လေ့ကျင့်မှု စဉ်ဆက်မပြတ် လေ့ကျင့်နိုင်ရေးအတွက် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သန်လျင်အထက(၁) မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၆) ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီး ၁၁၉ ဦး တို့အား အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက သန်လျင်အထက(၁) ပတ္တမြားခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပူဇော်ပွဲကျင်းပရေးနာယက ဦးတင်ဝင်းနှင့် ပူဇော်ပွဲကျင်းပရေးဥက္ကဋ္ဌ ဒေါက်တာ ဦးဝင်းတို့က အမှာစကားပြောကြားပြီး ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ချီးကို ပူဇော်ပွဲအတွင်းရေးမှူး ဦးမောင်မောင်တိုးက တိုင်ပေးကာ ပူဇော်ကန်တော့ကြသည်။ (အပေါ်ပုံ) ယင်းနောက် ဆရာ ဆရာမကြီးများအား Lucky Draw အစီအစဉ်ဖြင့် မဲဖောက်ပေးကြသည်။

ကျေးဇူးတင်စကား

ထို့နောက် ဆရာကြီးဦးသာဟန်၊ ဆရာမကြီး ဒေါ်ကျင်စောနှင့် ဆရာမကြီးဒေါ်ခင်မြင့်မြင့်တို့က ဆုံးမဩဝါဒစကားပြောကြားပြီး ကျောင်းသားဟောင်း ဦးရဲမြင့်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများ ပေးအပ်ကြကြောင်း သိရှိရသည်။ (၁၈၄)

မူလတန်းလွန် နှစ်ထပ်ကျောင်းဆောင်သစ် ရွှေကူမြို့နယ်၌ လွှဲပြောင်းပေးအပ်

ရွှေကူ ဇန်နဝါရီ ၁၂

ဗန်းမော်ခရိုင် ရွှေကူမြို့နယ် သဘော်အင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကိုယ့်အားကိုယ်ကိုး နှစ်ထပ်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက်၁၀နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဆန်းဦး၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးတိုးအောင်၊ ကျောင်းမိသားစု (၇) နယ်မြေမှူး အထက(ခွဲ) ရေလဲ ကျောင်းအုပ်ဆရာကြီး ဦးသန်းဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ငွေးတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးအောင်ရှိန်က ကျောင်း ဆောက်လုပ်ရေးကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက ကျေးဇူးတင်စကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ငွေးက နှစ်ထပ်ကျောင်းဆောင်သစ်နှင့်ပတ်သက်သော အချက်အလက်များကို မြို့နယ်လက်ထောက်ပညာရေးမှူး ဦးတိုးအောင်ထံ လွှဲပြောင်းပေးအပ်သည်။ (အပေါ်ပုံ) အဆိုပါ ကိုယ့်အားကိုယ်ကိုး နှစ်ထပ်ကျောင်းဆောင်သစ်ကို ကျေးရွာရှိ မိဘပြည်သူများက လုပ်အား၊ ငွေအား ငွေကျပ် သိန်းနှစ်ရာ့ခြောက်သောင်း ရှစ်ရာရှစ်ကျပ်အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြဝတီမြို့နယ် မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန အခွန်ဦးစီးမှူး ဦးဇော်အောင် ဦးဆောင်၍ အခွန်ဦးစီးဌာနရုံး မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများဖြင့်လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဖြိုးမင်းဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့ မီးငြိမ်းသတ် သရုပ်ပြစဉ်။ (၁၀၁)

ညောင်ပင်သာ အထက အာစရိယပူဇော်ပွဲကျင်းပမည်

ဖြူး ဇန်နဝါရီ ၁၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာ အထက၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက ကျောင်းတွင်အနည်းဆုံး နှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့်ပြီးသူအငြိမ်းစား ဆရာ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ညောင်ပင်သာ အထက ပညာဗိမာန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဆရာဦးလှအောင် ဖုန်း-၀၉-၄၉၄၃၇၀၁၃၊ ဦးမျိုးအောင် ဖုန်း-၀၉-၈၆၆၆၃၀၀၊ ဦးယုနီယံပြည့်ဖြိုးအောင် ဖုန်း-၀၉-၅၄၁၇၁၃၀ နှင့် ဒေါ်ချိုချိုခိုင် ဖုန်း-၀၉-၅၃၉၀၂၀၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မိခင်နှင့်ကလေးစောင့်ရှောက်ခြင်းသင်တန်း မော်လမြိုင်ကျွန်း၌ ဖွင့်လှစ်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၂

မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသနေ မိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် မြို့နယ်အတွင်း ပထမအကြိမ်ဖွင့်လှစ်သော မိခင်နှင့်ကလေး ပြုစုစောင့်ရှောက်ခြင်း သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် သုံးခွချွန်းကျေးရွာအုပ်စု သုံးခွချွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ယာယီသင်တန်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ဖွင့်ပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းအေး(အောက်ပုံ)က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး ဦးစောမောင်က အန္တရာယ်ကင်းသော မိခင်ဘဝအကြောင်းကိုလည်းကောင်း၊ သုံးခွချွန်းအုပ်စုဥက္ကဋ္ဌ ဦးမောင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို လည်းကောင်း၊သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးက ဒေသကျန်းမာရေး ဖွံ့ဖြိုးတိုးတက်အောင် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်မှုများကိုလည်းကောင်း၊ ကျူလမု ဆေးပေးခန်းမှ ကျန်းမာရေး ဆရာမဒေါ်ဆွေဆွေဝင်းက ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေးနှင့် ဖြည့်စွက်အစာကျွေးခြင်းများကိုလည်းကောင်း အသိပညာပေး ရှင်းလင်းဆွေးနွေး ကြသည်။

သင်ကြားပို့ချ

အဆိုပါ သင်တန်းတွင် မိခင်နှင့်ကလေး ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ လုပ်ငန်းများတွင် လက်တွေ့ပြုစုစောင့်ရှောက်နည်း ဘာသာရပ်ငါးခုတို့ကို သင်တန်းနည်းပြ ဆရာ ဆရာမများက သုံးရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရှိရသည်။ (၁၄၂)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၃၀	၃။	ဓမ္မပူဇာတေး
၇း၃၅	၄။	မျိုးချစ်တပ်မတော်
၇း၄၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၆။	မြန်မာ့သံစဉ် ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	မွေးမြူသုတ
၄း၂၅	၅။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၆။	မြန်မာ့သံစဉ်ချိုနားဝင်
၄း၃၅	၇။	ဗွီစီဒီကျော်ကြားတေး
၅း၁၀	၈။	သတိနှင့်တိုးမည့်ပိုးဖလံများ
၅း၃၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၅	၁၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၃၀)
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၃။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၄။	ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ** (အပိုင်း-၃၈)
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၄၆)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	ကုန်သွယ်သုတ/ရှေးဟောင်းသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း-၄၆)
	၂၃။	ဂီတရင်ခုန်သံ

ဇန်နဝါရီ ၇ ရက်က အမက(၁၂) တာမွေကျောင်းခန်းမ၌ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ဘက်စုံထူးချွန်ဆုပေးပွဲကျင်းပရာ မြို့နယ်အဆင့်၊ ကျောင်း မိသားစုအဆင့်၊ ကျောင်းအဆင့် ဘာသာစုံ ပထမဆုနှင့် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော စတုတ္ထတန်းမှ မကေခိုင်စိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီသိန်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

ခန္တီးမြို့နယ်၌ မြို့မလမ်းတိုးချဲ့

ခန္တီး ဇန်နဝါရီ ၁၂

ခန္တီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မလမ်းတိုးချဲ့ပြုပြင်နေမှုကို ဒီဇင်ဘာ ၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးစိုးအောင်က ရှင်းလင်းတင်ပြခဲ့ကြောင်းသိရှိရသည်။ (မြို့နယ်စည်ပင်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၂

ဒေါက်တာ အောင်ထွန်း (TODAY MEDIA) သည် ကစားဖော်များဖြစ်ကြသော ဦးဆုဝေ (NEW STRENGTH Co.) ဦးကျော်စိန်တို့နှင့်အတူ ဇန်နဝါရီ ၈ ရက်က ကိုးမိုင်ရှိ မြန်မာ့ဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် TOPPOINT ဂေါက်သီးကို SPALDING သံတုတ် အမှတ်(၆)ဖြင့် ရိုက်လိုက်ရာ ၁၄၅ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၅) ဓာတ်မြေသြဇာ စက်ရုံ(ပုသိမ်) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

✱ ရှေ့ဖုံးမှ

တက်ရောက်

စက်ရုံဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်ရုံမှူးနှင့်ဝန်ထမ်းများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Huanqiu Contracting & Engineering Corporation မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပက်ဖျန်းပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက စက်ရုံကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် စက်ရုံအတွင်း စက်များလည်ပတ်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယင်းနောက် ရှင်းလင်းဆောင်မဏ္ဍပ်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဦးလွန်းသီက စက်ရုံမြေနေရာ လွှဲပြောင်းရရှိမှု၊ စက်ရုံဆိုင်ရာ အချက်အလက်များ၊ ကုန်ကြမ်းလိုအပ်ချက်နှင့်စက်စွမ်းအား၊ ထုတ်လုပ်မှုနည်းစဉ်နှင့် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးမှာကြားရာ၌ မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ ယခုအခါ စားရေရိက္ခာဖူလုံသည့်အဆင့်မှ ပိုလျှံသည့်အဆင့်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍကို အရှိန်အဟုန်မပျက် တိုးတက်အောင် ဆက်လက်ဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စက်ရုံတစ်ခုလုံး လာရောက်တပ်ဆင်ချိန်တွင် ၎င်းတို့ထံမှ စက်ရုံတပ်ဆင်အသုံးပြုခြင်းဆိုင်ရာ နည်းပညာရပ်များကိုပါ တစ်ပါတည်း တတ်မြောက်အောင် ပူးတွဲလေ့ကျင့်ထုတ်လုပ်မှုများ ဆောင်ရွက်သွားကြရန်၊ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံကြံ့ခိုင်ရေးနှင့် စက်ကိရိယာပစ္စည်းများ ကြံ့ခိုင်ရေး ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊ စက်ပစ္စည်းကိရိယာများမှာ အသုံးပြုမှုကြာရှည်သည်နှင့်အမျှ သက်တမ်းကုန်လွန်မှုများရှိနေသည်ဖြစ်၍ သတ်မှတ်ပေးထားသော အချိန်ကာလများအလိုက် ကြံ့ခိုင်ထိန်းသိမ်းမှုများ အလေးအနက်ထား ဆောင်ရွက်သွားရန်၊ ယင်းစက်ပစ္စည်းများ ပုံမှန်စွမ်းအားပြည့် လည်ပတ်နိုင်စေရန်အတွက် စက်ရုံဝန်ထမ်းများအား အရည်အချင်းပြည့်ဝပြီး ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးချတတ်အောင် လေ့ကျင့်ပေးရန်၊ နည်းပညာကျွမ်းကျင်မှုနှင့် စက်ကိရိယာပိုင်းဆိုင်ရာ ကြံ့ခိုင်မှုဒွန်တွဲတိုးတက်စေရေး စနစ်တကျ စီမံဆောင်ရွက်ရန်၊ စက်ရုံဝန်ထမ်းများ လေ့ကျင့်သင်တန်းပေးခြင်း၊ နည်းပညာလွှဲပြောင်းရယူခြင်း စသည်တို့ကို သာမန်ထက်ပိုသော အလေးပေးမှုများဖြင့် ဆောင်ရွက်ရန်၊ လေလွင့်ဆုံးရှုံးမှုများမရှိအောင် ဂရုစိုက်ရန်၊ စက်ရုံလုံခြုံရေးအတွက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဂုဏ်ပြုစကား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံတည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ထူးချွန်ဝန်ထမ်းများအား ချီးကျူးဂုဏ်ပြုစကား ပြောကြားသည်။

အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်)သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အိုးဘိုကျေးရွာအနီး၌ တည်ရှိပြီး စက်ရုံဧရိယာမှာ ဧက ၂၀၀ရှိသည်။ စက်ရုံ၏ စက်စွမ်းအားမှာ တစ်နေ့လျှင် အမိုးနီးယား ၃၂၅ တန်နှင့် ယူရီးယား တန်ချိန် ၅၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တပ်မတော်အစိုးရလက်ထက်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်း ဆောင်ရွက်လာခဲ့ရာ ယခုအခါ စားရေရိက္ခာ ဖူလုံသည့်အဆင့်မှ ပိုလျှံသည့်အဆင့်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက် ရေးအတွက် လယ်ယာကဏ္ဍကို အရှိန်အဟုန်မပျက် တိုးတက်အောင် ဆက်လက်ဆောင်ရွက်ရင်း စက်မှု နိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်။

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာဂေါက်သီးရိုက်အသင်းမှ ကျင်းပသော ၂၀၁၁ခုနှစ် (၁၅)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်း ကိုးမိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးအောင်ဖေက ပြိုင်ပွဲအတွက် ကူညီပံ့ပိုးခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ ဦးသက်တင် (Transview) က လက်ခံသည်။

ဆက်လက်၍ Han Golf Masters Pte;Ltd. CEO ဦးချမ်းဟန်က အမျိုးသမီး (၁၀-၁၈)နှစ် သက်တန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူ နှစ်ဦးနှင့် ပဋ္ဌမဆုရ ဖူးပွင့်ရတီခိုင်၊ စတုတ္ထဆုရ မေသင်းခိုင်၊ တတိယဆုရ ပွင့်ဖူးနဒီခိုင်၊ ဒုတိယဆုရ ဝင့်ဖူးနဒီအောင်နှင့် ပထမဆုရ ရှုမဝဝင်းမြင့်တို့အား လည်းကောင်း၊ Han Golf Masters Pte; Ltd. Director ဦးကြည်လှဟန်က အသက် (၁၀-၁၂)နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရသူ ငါးဦးနှင့် ပဋ္ဌမဆုရ အောင်ဝေလျှံဟိန်း၊ စတုတ္ထဆုရ ဘုန်းပြည့်ချမ်းဟန်၊ တတိယဆုရ ပြည့်ဖြိုးသူ၊ ဒုတိယဆုရ ထွန်းအောင်ခိုင်နှင့် ပထမဆုရ သန်းထွန်းအောင်တို့အားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)က အသက် (၁၃-၁၅)နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရသူ ငါးဦးနှင့် ပဋ္ဌမဆုရ ဇင်အောင်မင်း၊ စတုတ္ထဆုရ ကျော်မင်းသူ၊ တတိယဆုရ အောင်ဆန်းမျိုး၊ ဒုတိယဆုရ လှိုင်မင်းထက်နှင့် ပထမဆုရ အောင်ချစ်မင်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အသက် (၁၆-၂၀)နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရသူငါးဦးနှင့် ပဋ္ဌမဆုရ ကောင်းထူးအောင်၊ စတုတ္ထဆုရ ရဲလွင်ဦး၊ တတိယဆုရ ဇင်မင်းသူ၊ ဒုတိယဆုရ ရဲထက်အောင်နှင့် ပထမဆုရ ဝေယံလင်းတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ကူညီပံ့ပိုး

ပြိုင်ပွဲအတွက် Transview Golf Myanmar က ဆုဖလားများကိုလည်းကောင်း၊ KM Golf Centre, Standard House Golf, Taylormade Golf Co., Ltd., Thet Paing Soe Co., Ltd. Kyone Sein Bag Factor, Mr. Golfer Golf Service, Han Golf Masters Pte;Ltd. တို့က ဂေါက်သီးရိုက်ပစ္စည်းများကို လည်းကောင်း ကူညီပံ့ပိုးကြပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် ဦးခွန်မြတ်၊ ဦးဝင်းအောင်တို့က

(၁၅)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါ[...] ကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၅)ခေတ်မြေ ဩဇာစက်ရုံ(ပုသိမ်)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျောက်ဖြူမြို့နယ် ဒေသပြန်လည်ထူထောင်ရေး ဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇန်နဝါရီ ၉ရက်တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ပြန်လည်ပြင်ဆင်ပြုပြင်ပြီးသော ကျောင်းများနှင့် ပညာရေးကောလိပ်ကျောင်းဆောင်များ၏ ပြီးစီးမှု၊ ကျောင်းဆောင်သစ်များဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကျွန်းသာယာကျေးရွာနှင့် ငပသုန်ကျေးရွာတို့၌ ဘုန်းတော်ကြီးကျောင်း ပြုပြင်ပြီးစီးမှု၊ ကျောင်းဆောက်လုပ်နေမှုနှင့် ကျေးရွာပြန်လည်ထူထောင်မှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းတွင် ကျောက်ဖြူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ဆောက်လုပ်ပြီးစီးနေသော ကမ်းဒီးကျေးရွာ၊ ကပ်သပြေကျေးရွာနှင့် ဇီတ်ပြိန်တောင်ကျေးရွာတို့ရှိ အလျားပေ ၉၀၊ အနံပေ ၃၀ Steel Structure သုံး အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်များကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလူထု၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၆။ အကပြိုင်ပွဲ
၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၅ ၈။ အကပဒေသာ
၈း၂၅ ၉။ **အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ**
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၄၀ ၅။ တေးဂီတအစီအစဉ်
၄း၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅း၄၅ ၉။ **သီပွဲနှင့်သဘာဝပတ်ဝန်းကျင်** (Fresh)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၄၉)
ဇော်ဇော်အောင်၊ ယုဇနဗိုလ်မြင့်၊ ရွှေပန်းချီ (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၁)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း-၉)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၁၈)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၂၇)
၂၁။ အစီအစဉ်ပြီး၏။

■ *ကျောဖုံးမှ*

ရှန်ဟိုင်းရှိ အာကာသယာဉ်အခန်းပုံစံ ဟိုတယ်ပိုင်ရှင်မှာ အသက် ၃၃နှစ်အရွယ် တာဇနေ်အမည်ရှိ တရုတ်အမျိုးသားတစ်ဦးဖြစ်ပြီး တိုကျိုမြို့သို့ရောက်ရှိစဉ် အဆိုပါဟိုတယ်၌ တည်းခိုခဲ့ဖူးသဖြင့် ရှန်ဟိုင်းမြို့၌ အာကာသယာဉ်အခန်းပုံစံ ဟိုတယ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အာကာသယာဉ်အခန်းပုံစံဟိုတယ်၌ တည်းခိုခြင်းဖြင့် ခံစားမှုအသစ်၊ အတွေ့အကြုံအသစ်များ ရရှိစေနိုင်မည့်အပြင် ငွေကြေးသက်သာမှုဖြစ်စေကြောင်း သိရသည်။ ***(အင်တာနက်)***

မော်လိုက်စည်ပင်သာယာ လမ်းများပြုပြင်

မော်လိုက် ဇန်နဝါရီ ၁၂

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဗိုလ်ချုပ်လမ်းနှင့် မင်္ဂလာလမ်း လမ်းပေါက်များပြုပြင်ခြင်းလုပ်ငန်းအား အငယ်တန်းအင်ဂျင်နီယာ(၃) ဦးကျော်မျိုးလွင် ကြီးကြပ်ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၈ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ကျော်ခိုင်နှင့် ဦးဟန်မင်းဆွေတို့ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုးရွာသွန်းမှု ၁၂-၁-၂၀၁၁

ရေးမြို့	၁ ဒသမ	၆၉ လက်မ
လောင်းလုံမြို့	၁ ဒသမ	၅၀ လက်မ
မြိတ်မြို့	၀ ဒသမ	၈၇ လက်မ
ထားဝယ်မြို့	၀ ဒသမ	၆၃ လက်မ

ကွန်ပျူတာများ ပြသရောင်းချမည်

ရန်ကုန် ဇန်နဝါရီ ၁၂

New Year Special Sales Exbihition 2011 ကို ဇန်နဝါရီ ၁၄ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။

အမျိုးအစားစုံလင်

ပြပွဲကို Logic Myanmar မှ အဓိက စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး အင်တာနက်ဂျာနယ်က မီဒီယာပိုင်း ကူညီပံ့ပိုးသူအဖြစ် ပူးပေါင်းပါဝင်ထားသည်။ ပြပွဲတွင် အထူးအစီအစဉ်အဖြစ် ပြခန်းပေါင်း ၁၀၀ ကျော်ပါဝင်မည့် IT Zone ကိုပါ ထည့်သွင်းပြသမည် ဖြစ်သည့်အတွက် Laptop များ၊ Desktop များ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အမျိုးအစား စုံလင်စွာဖြင့် ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်သည်။

ရောင်းချမည်

IT Zone တွင် ပြည်တွင်းနာမည်ကြီးနည်းပညာ Brand များဖြစ်သည့် Acer, Asus, Brother, Canon, Dell, Delux, Engenius, Foxcoon, Lenovo, MSI, Samsung, Suzuki စသည်တို့က နောက်ဆုံးပေါ် နည်းပညာများကို တင်ဆက်ပြသမည်ဖြစ်ပြီး ရန်ကုန်မြို့၏ နာမည်ကျော်ကွန်ပျူတာအရောင်းဆိုင်များဖြစ်ကြသည့် Citicom, UNIQUE, Asia Tech, King Service Wisdom, Idea Link, King Power, King Empire, Top Power, Tha Paye Pwint, Eastern, Fidonet, Access Spetrum, Thein Minn စသည့် အရောင်းဆိုင်များကလည်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အထူးနှုန်းထားများဖြင့် အပြိုင်အဆိုင် ရောင်းချကြမည်ဖြစ်သည်။

ထိုပြပွဲတွင် အထူးအစီအစဉ်အနေဖြင့် ကျပ်သုံးသိန်းကျော် တန်ဖိုးရှိသည့် Pentium Dual Core နှင့် 18.5" Acer LED Monitor ပါဝင်သော ကွန်ပျူတာအသစ်တစ်စုံကို ငွေကျပ် ၁၉၉၀၀၀ဖြင့် အရေအတွက် ကန့်သတ်ရောင်းချသွားမည်ဖြစ်သည်။

ပါဝင်ဆင်နွှဲနိုင်

ပြပွဲလာရောက်သူများအနေဖြင့် နှစ်သစ်၏ အဆန်းသစ်ဆုံးထုတ်ကုန်များကို ဦးဦးဖျားဖျား လေ့လာခွင့်ရရှိကြမည့်အပြင် ကုမ္ပဏီအသီးသီးမှ စီစဉ်ဆောင်ရွက်ထားသော အထူးလျှော့ဈေးနှုန်းများကို ပိုင်ဆိုင်ရရှိကြမည်ဖြစ်ပြီး ကုမ္ပဏီအသီးသီးမှ တင်ဆက်သည့် အရောင်းမြှင့်တင်ရေး အစီအစဉ်များ၊ ကံစမ်းမဲများကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်မည့် အခွင့်အရေးဖြစ်သည်။

ဆက်သွယ်နိုင်

အသေးစိတ် သိရှိလိုပါက ဦးထင်အောင်ထွန်း၊ အုပ်ချုပ်မှုဒါရိုက်တာ (Logic Myanmar Co.,Ltd.) ဖုန်း-၀၉၅၁-၈၄၇၅၃၊ ဦးကျော်ဆန်းဦး အုပ်ချုပ်မှု ဒါရိုက်တာ (UNIQUE Computer) ဖုန်း-၀၉၅၀-၈၄၀၈၄နှင့် အင်တာနက်ဂျာနယ် ဖုန်း-၇၃၀-၃၂၉၂၈ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အထက(၇) မင်္ဂလာတောင်ညွန့်၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း၌ မြို့နယ်ဘက်စုံထူးချွန်ပထမ၊ ရူပဗေဒဘာသာထူးချွန်ဆုနှင့် သင်္ချာအိုလံပစ်ထူးချွန်ဆုများရရှိသော မောင်အောင်မြတ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ် ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

Golf, Taylormade Golf Co., Ltd., Thet Paing Soe Co., Ltd. Kyone Sein Bag Factor, Mr. Golfer Golf Service, Han Golf Masters Pte;Ltd. တို့က ဂေါက်သီးရိုက်ပစ္စည်းများကိုလည်းကောင်း ကူညီပံ့ပိုးကြပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် ဦးခွန်မြတ်၊ ဦးဝင်းအောင်တို့က ပြိုင်ပွဲအတွက် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးခဲ့ကြကာ ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် မြန်မာ ဂေါက်သီးရိုက်အသင်းနှင့် Han Events Management တို့က တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၅)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (မြန်မာဂေါက်ကလပ်)

အထက်ပိုင်းဒေသများ၌ ညအပူချိန်လျော့နည်းမည်

နေပြည်တော် ဇန်နဝါရီ ၁၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၁၃ရက် ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်ဆက်လက်လျော့နည်းနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

AIDS လူနာများအား ART ဆေးဝါးဖြင့် ကုသမှုပေးနေ မြို့ကြီးသုံးမြို့၌လည်း တိုးချဲ့ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာဝင်းမောင်နှင့် တာဝန်ရှိသူများသည် International Union Against TB and Lung Diseases (IUATLD) မှ Dr. Philippe Clervenbergh နှင့်အတူ ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ အထူးကုဆေးရုံ(သာကေတ)သို့ ရောက်ရှိပြီး လူနာဆောင်များ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အေအိုင်ဒီအက်စ်ရောဂါဝေဒနာရှင်များ၊ တီဘီရောဂါဝေဒနာရှင်များအား ပြုစုကုသပေးနေမှုများနှင့် ဓာတ်ခွဲခန်းများကို ကြည့်ရှုလေ့လာရာ ဆေးရုံအုပ်ဒေါက်တာကျော်ဇေယျနှင့် အထူးကုဆရာဝန်ဒေါက်တာစပယ်ဖြူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ဆွေးနွေးညှိနှိုင်း

ထို့နောက် ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)နှင့် အဖွဲ့သည် ရှေ့ဆက်လက်၍ ပူးပေါင်းဆောင်ရွက်မည့် ART ဆေးဝါး၊ တီဘီရောဂါ အပါအဝင် အခြားအခွင့်အရေးယူရောဂါများ (OIS)အတွက် ဆေးဝါးများ ရရှိရေး၊ ဓာတ်ခွဲစမ်းသပ်မှုနည်းပညာ၊ ပစ္စည်းပံ့ပိုးပေးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး IUATLD မှ Dr. Philippe Clervenbergh က သာကေတဆေးရုံ၌ ဆေးကုသရန်လူနာများအတွက် ပြင်ဆင်ထားရှိမှု အခြေအနေများကို အားရဝမ်းသာကျေနပ်မှုရှိပါကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်လည်း ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးညှိနှိုင်းကြသည်။

တိုးချဲ့ဆောင်ရွက်

IUATLD အဖွဲ့သည် ၂၀၀၅ခုနှစ်မှစတင်ပြီး ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံချက်တို့နှင့် ပူးပေါင်း၍ မန္တလေးပြည်သူ့ဆေးရုံကြီး၊ ပခုက္ကူ၊ လားရှိုး၊ တောင်ကြီးဆေးရုံများ၌ AIDS လူနာများအား ART ဆေးဝါးဖြင့် ကုသပေးမှုကို ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ မုံရွာ၊ မြင်းခြံ၊ မိတ္ထီလာ ဆေးရုံကြီးများ၌လည်း တိုးချဲ့ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်သည် ပြည်တွင်း/ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၁၄ခုတို့နှင့် ပူးပေါင်း၍လည်း AIDS လူနာများအား ART ဆေးဝါးဖြင့် ကုသပေးမှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာဝင်းမောင်နှင့် International Union Against TB and Lung Diseases (IUATLD) မှ Dr. Philippe Clervenbergh တို့ အထူးကုဆေးရုံ (သာကေတ) ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

လွတ်လပ်ရေးနေ့ ဂုဏ်ပြု တံတားနှင့်ကတ္တရာလမ်းသစ်များဖွင့်

မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်ခဲ့သော (၄)လမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးမင်းထူးကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် ရပ်မိရပ်ဖဦးအောင်သူတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စာရေးတန်းရပ်ကွက်ရှိ ဒေါနလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ အဆိုပါ ကတ္တရာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးကောင်းညွှန့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့် ရပ်မိရပ်ဖ ဦးစံညွှန့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မန်းကလဲ့-ငုတော ကျေးရွာချင်းဆက် လူကူးချောင်းကူးတံတားဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါ မုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် ရပ်မိရပ်ဖ ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းမြို့နယ် ဆမားဒူဝါခွန်ဆိုင်းလီ လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် ရွာသစ်ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သံသရာအေးစေတီလမ်း(ကတ္တရာလမ်းသစ်)ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် သပြေရေရပ်ကွက် ရပ်မိ ရပ်ဖ ဦးဘောဂတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **အရိပ်** တရားတော် (ဆရာတော်ဘဒ္ဒန္တနာရဒ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၃၄)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၁)
- ၈:၄၀ မဇ္ဈိမအလင်းမျက်စိခွဲစိတ်ခန်းနှင့် ဇီဝိတဒါနဆေးပေးခန်းကြီး ဖွင့်ပွဲအခမ်းအနား
- ၈:၅၅ ရည်စူးကာကုသိုလ်ယူ သျှာမ်ကျောင်းတိုက်ရဲ့ ငွေရတုအလှူ
- ၉:၁၀ Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
- ၉:၂၅ အစွမ်းထက်တာအမှန်ပင် ဆေးမှာဘုရင် **မိခင်**
- ၉:၄၅ Science For All (သင်နေမယ့်တိုက်ခန်းဟာ ဘယ်လိုတိုက်ခန်းမျိုး ဖြစ်သင့်သလဲ) (အပိုင်း-၁) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၁၀:၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ အိုဗာအချစ်ရိုက်ကွင်း အမှတ်တရ
- ၁၀:၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၁၅ The Champion of Dance
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ ယဉ်ကျေးမှုထွန်းကားရာနှင့် ယဉ်ကျေးမှုအစဉ်အလာ
- ၁၂:၄၀ ဖန်တီးသူ၏ပညာစွမ်းမှသည်.... လှပသောဘဝများဆီသို့
- ၁:၀၀ **အရိပ်** တရားတော် (ဆရာတော်ဘဒ္ဒန္တနာရဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ပဉ္စမအကြိမ်မြောက်စတုဘုမ္မိကနိကာယ ဆရာတော်ကြီးများအားစုပေါင်း ပူဇော်ပွဲ
- ၂:၄၀ Activities in the City (စာရေးဆရာထန်လိုင်တစ်နှစ်ပြည့် အမှတ်တရအခမ်းအနား)
- ၂:၅၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Hello Baby Kids Shop)
- ၃:၀၅ ရန်ကုန်မြင်ကွင်းကျယ် [အထက(၆) ရွှေပေါက်ကံ အာစရိယပူဇော်ပွဲ]
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၃၄)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၁)
- ၄:၄၀ ရန်ကုန်မြင်ကွင်းကျယ် [မေရီချက်(ပ်)မင်းနားမကြားသော ကလေးများကျောင်းပညာရည်ချွန် ဆုပေးပွဲနှင့်စွမ်းရည်ပြပွဲ]
- ၄:၅၅ အထက နှစ် ၁၀၀ ကူမဲမြို့ရဲ့ အာစရိယပူဇာမင်္ဂလာ
- ၅:၀၅ ဓာတ်ပုံထဲမှ အမှတ်တရများ (အေသင်ချိုဆွေ)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ံပါ** (အပိုင်း-၁၃၅)
- ၇:၁၀ မမောမပန်းခရီးလမ်း... ဆံတော်ရှင်ထံအရောက်မှန်း
- ၇:၃၀ ဂီတသရုပ်ပြခန်း (တေးသံရှင်မျိုးမဟာကျော်ရဲ့ ၂၄ နာရီကောင်မလေး)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဖိတ်ခေါ်ပါသည်... ဖွံ့ဖြိုးဝေစည်ညောင်ကျိုးမြို့ဆီသို့
- ၈:၄၅ စကားနပန်း **အထင်ကြီးတာကောင်းတယ်၊ အထင်မကြီးတာကောင်းတယ်**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၂)
- ၁၀:၁၀ အနုပညာမိုးကောင်းကင်
- ၁၀:၃၀ အဆီအနှစ်ပြည့်ဝသောသဘာဝ အရသာ နန်းဝေနို့မှုန့်မှာ
- ၁၀:၅၀ သင်ယူလေ့လာ ဂီတပညာ (Part-5) (Seventh Chords)
- ၁၁:၁၀ လူငယ်နှင့်ဆေးလိပ်အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
- ၁၁:၃၅ Celebrity Profile (Avirl Lavigne)
- ၁၂:၁၀ ပိတုန်းရောင်ကေသာဦးအတွက်
- ၁၂:၁၅ စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
- ၁၂:၄၅ တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
- ၁၂:၅၅ Shooting Location (ဆရာမအိမ်)
- ၁:၁၀ **ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ** မေသန်းနု၊ ပန်းဖြူ၊ ကျော်ဇေယျ၊ ဦးခိုင်တင် [ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးဂိုက်)]
- ၁:၂၀ တိုးတည်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
- ၁:၄၅ တရုတ်ဆွာန်လေးတွေမွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
- ၂:၀၅ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
- ၂:၃၀ RO ဆိုတဲ့ KTM
- ၂:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃:၅၅ **အများထဲကတစ်ယောက်** ရဲအောင်၊ စိုးမြတ်သူဇာ (ဒါရိုက်တာ-မီးပွား)
- ၄:၁၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေထားဝယ်မြေ
- ၄:၄၀ နူးညံ့လှပတေဇဂုဏ်ယိမ်းအက
- ၄:၄၅ ဧဒင်၏ရေကုထုံး
- ၄:၅၅ ဖူးမြော်ပူဇော်မြသလွန်စေတီတော်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် သီးနှံများထိခိုက်ပျက်စီးမှုမရှိစေရေး တောင်သူလယ်သမားများသို့ နှိုးဆော်ချက်ထုတ်ပြန်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများသည် ရခိုင်ကမ်းရိုးတမ်းဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ ယနေ့ မွန်းလွဲမှ နောက် ၄၈ နာရီအတွင်း ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက် ရွာသွန်းနိုင်ပြီး ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း ထုတ်ပြန်ထားပါသည်။

သို့ဖြစ်ပါ၍ တောင်သူများ အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) ရိတ်သိမ်းဆဲဖြစ်သော မိုးစပါးများတွင် ကောက်လှိုင်းများအား ကောက်ပြန့်မပြုလုပ်ဘဲ မိုးရေလျှောပြုလုပ်ရန်။ ကောက်ပြန့်တွင် မိုးမိပါက မိုးပြတ်လျှင်ပြတ်ချင်း နေလှန်းခြင်းကို ဆောင်ရွက်ပါ။

(၂) ရိတ်သိမ်းပြီးစပါးများကို တလင်းပြောက်စနစ်ကျင့်သုံး၍ အမြန်ဆုံးခြွေလှေ့ပါ။

(၃) စပါးအပြီး ဒုတိယသီးနှံ (နွေစပါးနှင့်ဆောင်းသီးနှံ)ကို ရေအစိုဓာတ်ရှိချိန် အချိန်မီစိုက်ပျိုးပါ။

(၄) စိုက်ပျိုးဖြစ်ထွန်းနေသောသီးနှံများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုးမွှားကျရောက်၍ ပျက်စီးမှုမရှိအောင် ဂရုပြု၍ကြည့်ရှုပြီး ကာကွယ်ထိန်းသိမ်းမှုများဆောင်ရွက်ပါ။

(၅) တောင်သူလယ်သမားများအနေဖြင့် လိုအပ်သောအကူအညီများရှိပါက နီးစပ်ရာစိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ဇီဝထိရောက်မှု စမ်းသပ်ကွက်နည်းစဉ်များ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ထိုင်းနိုင်ငံဗန်ကောက် အခြေစိုက် စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ဒေသဆိုင်ရာရုံးခွဲတို့ ပူးပေါင်းညှိနှိုင်းစီစဉ်မှုဖြင့် ဆောင်ရွက်သော ဇီဝထိရောက်မှု စမ်းသပ်ကွက်နည်းစဉ်များ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ရက်မှ ယနေ့အထိ ရန်ကုန်မြို့ ကြို့ကုန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲအစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ASEAN အဖွဲ့ဝင်ရှစ်နိုင်ငံမှ ကိုယ်စားလှယ်များ၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အတိုင်ပင်ခံပုဂ္ဂိုလ် Dr. Dinesh Kumar Nagia နှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သောင်းနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr. SHIN IMAI တို့က အမှာစကားပြောကြားကြသည်။

ညှိနှိုင်းဆွေးနွေး

အဆိုပါဆွေးနွေးပွဲ၌ နိုင်ငံအသီးသီး၏ ပိုးသတ်ဆေးဥပဒေများအရ မှတ်ပုံတင် လျှောက်ထားသည့် ပိုးသတ်ဆေးများအား ဇီဝထိရောက်မှု စမ်းသပ်ကွက်များ ဆောင်ရွက်မည့် နည်းစဉ်များကို အရှေ့တောင် အာရှနိုင်ငံများအကြား ချိန်ညှိခြင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရှင်းလင်းတင်ပြ

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် နိုဝင်ဘာ ၄ ရက်က ကလေးမြို့နယ်တာဟန်းဈေးသစ်အတွင်း ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလင်းထွန်းနှင့် ဈေးဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တတိယအကြိမ် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ဒဂုံဗျူရိုကုမ္ပဏီလီမိတက်၏ အဓိကမတည်ပံ့ပိုးမှုဖြင့် H & S Group မှ ဦးဌေးဝင်းနှင့် ဦးစိုင်းဇော်ဇော်တို့ တာဝန်ယူစီစဉ်သည့် တတိယအကြိမ် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး(၂၀၁၁) အောင်လံဗိုလ်လုပွဲများကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲ(၁) သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်ရာ အလွတ်တန်း ဒဂုံရွှေအောင်လံအတွက် လက်ရှိထပ်ဆင့် အောင်လံဆုရှင် စောငမန်း(Ever Green)နှင့် ဖိုးကေ(မန္တလေး)၊ ဒုတိယတန်း ဒဂုံရွှေအောင်လံအတွက် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်း(မျိုးဆက်သစ်)နှင့် ရွှေခါးပတ်ချန်ပီယံ သတ္တိအောင်(တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး စိုးလင်းဦး(တောင်ကလေး/မျိုးဇာနည်)က ဒေါနအောင် (အဖြူရောင် သွေးသစ်)နှင့် အထူးစိန်ခေါ်ပွဲ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

စောအုန်းမြင့်ကို ဒူးတိုက်ချက်ဖြင့် ဗိုလ်လုပွဲတက်လာသည့် စိုးမိုးဟိန်း။

ဗိုလ်လုပွဲတက်လာ

လက်ရှိ ဒုတိယတန်း ဒဂုံရွှေအောင်လံရှင်(၂၀၁၀) လိုက်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ(၂၀၁၀) စိုးလင်းဦးသည် ယခုပြိုင်ပွဲ၏ အထူး ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်တွင် ဝါရင့်လက်ဝှေ့ကျော် အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)ကို အကွဲထိုး၍ ဗိုလ်လုပွဲတက်လာသည်။ တစ်ဖက်ခြမ်း ဆီမီးဖိုင်နယ်၌ လုံးချောလေး (ရက္ခဗျာလ)က ဒေါနအောင်ကို အမှတ် ပြတ်ဖြင့်နိုင်၍ ဗိုလ်လုပွဲ တက်လာသည်။

စိုးလင်းဦးသည် ၂၀၀၆ ဘင်တန်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ဒေါနအောင်ထက် ဝါနုသော်လည်း ၂၀၁၀ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ လိုက်ဝိတ်တန်း ကွာတားဖိုင်နယ်တွင် ၄င်းတို့နှစ်ဦး ဆုံတွေ့ခဲ့စဉ်က အမှတ်ပြတ်ဖြင့် အနိုင်ယူခဲ့ဖူးသည်။

ဒုတိယတန်း ဒဂုံရွှေအောင်လံကို ယှဉ်ပြိုင်လုယူကြမည့် သတ္တိအောင်နှင့် စိုးမိုးဟိန်းတို့သည် ယခုပွဲတွင်မှ ပထမဆုံး တွေ့ဆုံကြမည် ဖြစ်သည်။ စိုးမိုးဟိန်းက ဝါနုသော်လည်း ထိုးလုံးသတ်ပေါက်စုံလင်ပြီး တစ်ဖက်လူ အဝင်၌ တိုင်ပင်ကိုက်ဘယ်ဖြောင့်လက်သီးများဖြင့် အမှတ်နိုက်ယူတတ်သည်။

အလွတ်တန်း ဒဂုံရွှေအောင်လံကို ၂၀၀၉၊ ၂၀၁၀ များတွင်ရရှိထားသော ၂၀၀၉ မစ်ဒယ်လ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ မြန်မာ့ရိုးရာလက်ဝှေ့ပထမတန်း လက်ရှိချန်ပီယံ စောငမန်းနှင့် ကာလတိုအတွင်း တစ်ဟုန်ထိုးနာမည်ကျော်လာသည့် ဖိုးကေသည် လက်ရှိနာမည်ကျော် ဝင်းထွန်း၊ ပထမတန်းချန်ပီယံဟောင်း လုံးချောတို့ကို အလဲထိုး၊ တွေ့မရှောင်ကို အမှတ်ဖြင့်နိုင်သည့် အရှိန်အဝါဖြင့် စောငမန်းကို ရင်ဆိုင်ရဲဝံ့လာသူဖြစ်ရာ စောငမန်း ပွဲကြမ်းနိုင်မှ သိက္ခာထိန်းနိုင်မည့် သဘောရှိနေသည်။

စီစဉ်ထား

၄င်းပွဲများနှင့်အတူ စိန်ခေါ်ပွဲအဖြစ် ဒေါင်းသည်းချေ(ကျားမင်း)နှင့် မိုက်ခဲကျောက်ပွင့်(နိုင်ခရာ)၊ ရွှေခါးပတ်ချန်ပီယံ စောသဲမင်း(မိုးသောက်ကြယ်)နှင့် ခိုင်လင်းဦး(တောင်ကလေး)၊ ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့်စောသာဖို(တောင်ကလေး)၊ စိုးမိုးအောင်(တောင်ကလေး)နှင့် သားစန်းနိုင်(နိုင်ခရာ)၊ အောင်သူရိန်(အဖြူရောင်သွေးသစ်)နှင့်ဖိုးလပြည့် (Ever Green) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ပြိုင်ပွဲနေ့တွင် မွန်းလွဲ ၁နာရီခွဲမှစ၍ အသင်းတိုက် မှတ်တိုင်မှ ပြိုင်ပွဲရုံသို့ အခမဲ့ကြိုပို့ယာဉ် စီစဉ်ထားကြောင်းနှင့် ဖုန်း-၃၈၇၆၅၀ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ပရီမီယာလိဂ်ဖလားရရှိရေးအခွင့်အရေးနည်းပြီဟု အန်ဆယ်လော့တီဝန်ခံပြီ

လန်ဒန် ဇန်နဝါရီ ၁၂

လက်ရှိခြေစွမ်းနဲ့ဆိုရင် ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်ဖို့ အခွင့်အရေးနည်းပါးနေပြီဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြအန်ဆယ်လော့တီ **(ဝဲပုံ)** က ဇန်နဝါရီ ၁၂ ရက်၌ ထုတ်ဖော်ဝန်ခံလိုက်ပြီ ဖြစ်ပါတယ်။

ဇန်နဝါရီ ၆ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝုလ်ဗာဟမ်တန်နဲ့ပွဲမှာ ချယ်လ်ဆီးတို့ မမျှော်လင့်ဘဲရှုံးခဲ့တာမို့ နည်းပြအန်ဆယ်လော့တီအပေါ် ကလပ်ပိုင်ရှင် အီဗရာမိုဗစ် စိတ်ပျက်ခဲ့ရတယ်လို့ ဝေဖန်ပြစ်တင်မှုပြုလုပ်ပြီး မကြာမီမှာပဲ အန်ဆယ်လော့တီက ချယ်လ်ဆီးအသင်း ဒီနှစ်မှာ အောင်မြင်မှုမရနိုင်ဘူးလို့ ပြောကြားလိုက်ခြင်း ဖြစ်ပါတယ်။

အခုဆိုရင် တန်းစီဇယားထိပ်ဆုံးက မန်ယူနဲ့ပွဲတူ ၁၂မှတ် ကွာနေပြီး ဆဋ္ဌမနေရာရောက်နေတာမို့ လက်ရှိအတိုင်းသာ ခြေစွမ်းမပြနိုင်ရင်တော့ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ကို ဝင်ခွင့်ရနိုင်မယ့်အနေအထားတောင် မရှိတော့ပါဘူး။

ဒါကြောင့်လည်း အန်ဆယ်လော့တီက မိမိဟာ ဖိအားတွေအောက်ရောက်နေပြီလို့လည်း ပြောကြားနေပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းဟာ ကြိုးစားအားထုတ်မှုကို ပိုမိုမြှင့်တင်သွားမှာဖြစ်တယ်လို့လည်း ခိုင်ခိုင်မာမာ ပြောကြားနေပါတယ်။ ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ် နောက်ဆုံးပွဲစဉ် ကိုးပွဲကစားတဲ့အခါ တစ်ပွဲပဲအနိုင်ရရှိထားတာမို့ ချယ်လ်ဆီးအသင်းရဲ့ သမိုင်းတစ်လျှောက် ၁၉၉၅-၁၉၉၆ ဘောလုံးရာသီကစပြီး ရလဒ်အဆိုးရွားဆုံး နှစ်တစ်နှစ်ဖြစ်နေပါတယ်။ အခုလိုရလဒ်မကောင်းပေမယ့် နည်းပြအဖြစ်က နုတ်ထွက်မှာ မဟုတ်တဲ့အပြင် ချယ်လ်ဆီးအသင်း အောင်မြင်မှုရရှိအောင် ကြိုးစားသွားမယ်လို့ ဆိုနေပါတယ်။ အန်ဆယ်လော့တီဟာ ဘောလုံးသမားတွေနဲ့ရော၊ ကလပ်တာဝန်ရှိ ပုဂ္ဂိုလ်တွေနဲ့ပါ ဆက်ဆံရေးကောင်းမွန်နေတာမို့ နည်းပြအဖြစ် ဆက်လက်တာဝန်ယူဖို့ ကြိုးစားနေပေမယ့် ချယ်လ်ဆီးကလပ်ပိုင်ရှင် အီဗရာမိုဗစ်ကတော့ နည်းပြသစ်ရှာဖွေဖို့ ပြင်ဆင်နေပြီဖြစ်ပါကြောင်း။ **(အင်တာနက်)**

တိုက်စစ်မှူး ရော်နယ်ဒင်ဟို ဘရာဇီးကလပ် ဖလာမင်ဂိုသို့ပြောင်းပြီ

မီလန် ဇန်နဝါရီ ၁၂

*ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒင်ဟို**(အပေါ်ပုံ)**သည် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ အခြေစိုက်ကလပ် ဖလာမင်ဂိုသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။ အသက် ၃၀အရွယ်ရှိ တိုက်စစ်မှူး ရော်နယ်ဒင်ဟိုသည် ၂၀၀၈ခုနှစ်က ဘာစီလိုနာမှ အေစီမီလန်သို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်သည်။ ဘရာဇီးအခြားကလပ်အဖွဲ့ဖြစ်သည့် ဂရီမီယိုနှင့် ပါမီရက်တို့ကလည်း ရော်နယ်ဒင်ဟိုအား ဆက်သွယ်ခဲ့သည်။ သို့သော် ဖလာမင်ဂိုအသင်းနှင့် ၂၀၁၄ခုနှစ်အထိ စာချုပ်လိုက်သည်။*

ဘရာဇီးကလပ်မှ ဖလာမင်ဂိုက စာချုပ်လိုက်သဖြင့် ပရီမီယာလိဂ်ကလပ်မှ ဘလက်ဘန်းနှင့် စာချုပ်ရေးမျှော်လင့်ချက်မှာလည်း အိပ်မက်သာ ဖြစ်ခဲ့ရသည်။ ဘလက်ဘန်းအသင်း ပိုင်ရှင်များက ရော်နယ်ဒင်ဟိုအား သုံးနှစ်စာချုပ်ဖြင့် ပေါင်သန်း ၂၀ပေး ကမ်းလှမ်းခဲ့သည်။ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု နှစ်ကြိမ်ဆွတ်ခူးခဲ့သူ ရော်နယ်ဒင်ဟိုသည် ၂၀၀၁ခုနှစ်တွင် ပဲရစ်စိန့်ဂျာမိန်းကလပ်သို့ မရောက်မီ အသက် ၁၈နှစ်တွင် ဘရာဇီးကလပ် ဂရီမီယို၌ သူ၏ ကြေးစား ဘောလုံးသမားဘဝကို စတင်ခဲ့သည်။ ***(အင်တာနက်)***

ဆစ်ဒနီအိုးပင်းတင်းနစ်ပြိုင်ပွဲ ကမ္ဘာ့အဆင့်တစ်ရှုံးနိမ့်

ဆစ်ဒနီ ဇန်နဝါရီ ၁၂

ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ်ကာရိုလိုင်းဝစ်နီယာစကီ**(အောက်ပုံ)**သည် ဆစ်ဒနီအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဒိုမီနီကန်တင်းနစ်မယ် စီဘူလ်ကိုဗာအား ၆-၃၊ ၆-၃ ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

သို့သော်လည်း အသက် ၂၀ အရွယ်ရှိ ဒိန်းမတ်တင်းနစ်မယ် ဝစ်နီ

ယာစကီသည် လာမည့်သြစတြေးလျအိုးပင်းပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားသည်။

(အင်တာနက်)

ငှားလိုသည်

TE ကား (18'x7' အမိုးကိုင်းတပ်ပြီး)။

ဆက်သွယ်ရန်-

ဖုန်း-၀၉-၈၆၁၁၈၇၉၊ ၀၁-၇၃၀၉၈၂၈၉။



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/ခ)၊ လူနေရပ်ကွက်အမှတ် (ကံဘဲ့)၊ မြေကွက်အမှတ် (၆/၃၃)၊ ပါရမီရိပ်သာ(၈)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၂/က)ဟုခေါ်တွင်သော အကျယ်အဝန်း ဧရိယာ ၀ဒသမ၁၃၀ ဧကရှိမြေပိုင်မြေ (လ/န-၃ခ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပြီး စီမံရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်အောင် ၁၂/ရကန(နိုင်)၀၆၅၀၃၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း)ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို(LL.B)
(စဉ်-၂၃၂၉၉)
အထက်တန်းရှေ့နေ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ်(လျှောက်ထားဆဲ)၊ FMI City ရှိ (အလျားပေ၈၀×အနံပေ၈၀)၊ ဧရိယာ ၀ဒသမ၁၄၇ ဧကရှိမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ ဗင်ဒါသစ်ခွလမ်း၊ အိမ်အမှတ်(၀-၂၂)ဟုခေါ်တွင်သော နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်သော ဒေါ်ခင်မာထူး(ခ)ဒေါ်ပင်စီရွှေ ၁၂/မရက(နိုင်)၀၅၅၉၀၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူထားပါ၍ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက ဝယ်ယူသူအမည်ပေါက် ပိုင်ဆိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကိုဝင်း(B.Sc, R.L)
ဥပဒေအကျိုးဆောင်(၂၁၉၅၈)
အမှတ် ၄၅၊ ကမာရွတ်ဘူတာရုံလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၇၃၀၃၉၃၂၂၊ ၀၉-၈၅၅၂၉၇၇။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ ပေါင်းလောင်း ၃၊ မြေကွက်အမှတ် ၁၂၈၄၊ ၁၉ လမ်း၊ ပေ(၄၀×၆၀) ဗိုလ်မှူးထွန်းလင်းဦးအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အိအိခင် ၁၂/အစန(နိုင်) ၀၀၁၅၀၀ က ၎င်း၏အမည်ဖြင့် ပိုင်ဆိုင်မှုအမည်ပြောင်းတင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ၂၀-၁-၂၀၁၁ရက်နောက်ဆုံးထား၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ။

ရမည်းသင်းမြို့ သာယာလှပရေးအတွက် မြို့လယ်ရှိ မင်္ဂလာကျုံးအတွင်းရှိ ဗေဒါပင်များနှင့်ဒိုက်များ ရှင်းလင်းခြင်းကို ဇန်နဝါရီ ၈ ရက်က ခရိုင်ဥက္ကဋ္ဌ ဦးထူးလွင် ဦးဆောင်လျက် ရပ်ကွက်နေ ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ကြစဉ်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

လားရှိုး ဇန်နဝါရီ ၁၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းသည် ဒီဇင်ဘာ ၂၂ရက် ညနေ ၃နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်နှင့် ကျောက်မဲခရိုင်ပြည်တွင်း အခွန်များဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂နာရီက မူဆယ်ခရိုင် ပြည်တွင်းအခွန်များဦးစီးဌာနမှ စီမံဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်ဆံဆောင်ရွက်

တွေ့ဆုံပွဲ၌ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျမှန်ကန်စွာ အလေးအနက်ထားလိုက်နာဆောင်ရွက်ကြရန်၊ အခွန်ထမ်းပြည်သူများအား ဆက်ဆံရာတွင် နွေးထွေးပျူငှာစွာဖြင့် ဆက်ဆံဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်းသိရှိရသည်။ **(ပြည်တွင်းအခွန်)**

သာပေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရပ်ကွက်(၂) မြို့မလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ဒီဇင်ဘာ ၃၀ ရက်က အမှုဆောင်အရာရှိ ဦးငွေးလွင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကျော်ခိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မိတ္ထီလာမြို့နယ် ဥယျာဉ်ကျေးရွာ အမက ကျောင်းဆောင်သစ် လှူဒါန်း

မိတ္ထီလာ ဇန်နဝါရီ ၁၁

မိတ္ထီလာမြို့နယ် မွေကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း အမှတ် (၁၀၅)တွင် အလျားပေ ၅၀၊ အနံ၂၇ပေ၊ အမြင့် ၁၁ပေရှိ နံကပ်တိုက်သွပ်မိုးကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန်နှင့် ကျောက်သင်ပုန်းများ၊ ထိုင်ခုံများအတွက် ဂျပန်နိုင်ငံ ဖူကူအိုကခရိုင် အိအိဇုကမြို့မှ MR. TAKAO YAMA MOTO က စုစုပေါင်း အလှူငွေ ကျပ် ၄၄ သိန်းကျော် လှူဒါန်းခဲ့ရာ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးနောက် ကျောင်းဆောင်သစ် လှူဒါန်းပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက်က ဥယျာဉ်ကျောင်း၌ ကျင်းပရာ MR. TAKAO YAMA MOTO ကိုယ်စား မမြမြတ်ငွေထွန်းက ကျောင်းဆောင်သစ်ကို စာရွက်စာတမ်းများနှင့်တကွ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဆွေထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

လှူဒါန်း

၂၀၀၉-၂၀၁၀ ပညာသင်နှစ်ကလည်း မိတ္ထီလာမြို့နယ် ပျဉ်သာကျေးရွာအုပ်စု ရုံးတောမူလတန်းကျောင်းကို ငွေကျပ်သိန်း ၄၀ကျော် အကုန်အကျခံ၍ ကျောင်းဆောင်သစ်ကို ဆောက်လုပ် လှူဒါန်းခဲ့သည်။ ထို့အပြင် မိတ္ထီလာမြို့ ညောင်ကိုင်းကျေးရွာရှိ ပရဟိတ မိဘမဲ့ဂေဟာသို့လည်း အလှူငွေကျပ် ၁၀ သိန်းနှင့် ကျောင်းသားများအတွက် စောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(၀၁၂)

ရွှေတောင်မြို့နယ် ကရင်ကုန်းကျေးရွာ၌ စက်ရေတွင်းဖွင့်

ရွှေတောင် ဇန်နဝါရီ ၁၁

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ကရင်ကုန်းကျေးရွာ နှစ်လက်မစက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီက အဆိုပါ မှုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟန်ရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးဝေနိုင်

အဆိုပါ စက်ရေတွင်းသည် တစ်နာရီလျှင် ရေထွက်နှုန်း ဂါလန် ၁၀၀၀ ထွက်ရှိပြီး အိမ်ခြေ ၆၈အိမ်နှင့် လူဦးရေ ၃၀၈ဦးအတွက် သန့်ရှင်းသော သောက်သုံးရေပေးဝေနိုင်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ပညာရေးစုံညီပွဲတော် အလက (၃) ပုသိမ်၌ကျင်းပ

ပုသိမ် ဇန်နဝါရီ ၁၁

အလက(၃)ပုသိမ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က မြဝတီခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်သောင်းက သုံးနှစ်ဆက်တိုက် ခွင့်ပျက်ရက်မရှိ သင်ကြားပေးသော ဆရာမ ဒေါ်စိုးစိုးခိုင်နှင့် ဒေါ်မြင့်မြင့်လွင်တို့အား ဆုချီးမြှင့်သည်။**(အောက်ဝဲပုံ)**

ထို့နောက် ကျောင်းအကျိုးတော်ဆောင်နာယက ခါတော်မီ ဦးကုမာရက အလက(၃) ပုသိမ်မှ အခြေခံပညာသင်ကြားခဲ့ပြီး ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာစုံ ဂုဏ်ထူးဖြင့် အောင်မြင်သူ မအေးအေးထက်၊ သုံးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ မဂျူးငယ်ငယ်၊ အဋ္ဌမတန်း ပထမရရှိသူ မယုဇနထွန်းတို့နှင့် ခွင့်ရက်ပျက်မရှိ ဆရာ ဆရာမတို့အား ငွေကျပ်နှစ်သိန်းကျော် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(၁၅၇)

မြို့နယ် သတင်း ထွေထွေ

13-1 (15).pmd 1 1/13/2011, 2:42 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

အာကာသယာဉ်အခန်းပုံစံဖြင့်ဟိုတယ်သစ် တရုတ်၌ဖွင့်လှစ်မည်

➤ မောင်မောင်မြင့်ဆွေ – ရေးသားသည် ➤

ပေကျင်း ဇန်နဝါရီ ၁၂

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ အာကာသယာဉ်အခန်းပုံစံများ ပါဝင်သည့် ဟိုတယ်ကို ငွေကြေးကုန်ကျမှုများစွာ အသုံးမပြုနိုင်သည့် ခရီးသွားများအတွက် ရည်ရွယ်ကာ ပထမဦးဆုံး ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း တရုတ်မီဒီယာများက ဇန်နဝါရီ ၁၁ ရက်၌ ဖော်ပြကြသည်။

တည်ဆောက်

၄င်းအာကာသယာဉ်အခန်းပုံစံများ ပါဝင်သည့် ဟိုတယ်ကို ရှန်ဟိုင်းဘူတာရုံ၏ မြောက်ဘက်တွင် မြေဧရိယာ စတုရန်းမီတာ ၃၀၀ ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါ မြေအကျယ်အဝန်း အဝိုင်း၌ အမြင့် ၁ ဒသမ ၁ မီတာ၊ အကျယ် ၁ ဒသမ ၁ မီတာနှင့် အရှည် ၂ ဒသမ ၂ မီတာရှိသော အာကာသယာဉ်အခန်းပုံစံ ဟိုတယ်အခန်းကျဉ်းပေါင်း ၆၈ခန်းပါဝင်လျက် တည်ဆောက်ထားသည်။

ချိတ်ဆက်

အဆိုပါ အာကာသယာဉ်အခန်းပုံစံ ဟိုတယ်ခန်းများကို ဂျပန်နိုင်ငံက တင်သွင်းရယူထားခြင်းဖြစ်ပြီး ဟိုတယ်တစ်ခန်းချင်းစီ၌ စိတ်တိုင်းကျ အသုံးပြုနိုင်သော မီးပလပ်ပေါက်များ၊ နာရီများ၊ မီးချောင်း၊ ရုပ်မြင်သံကြား၊ ကြိုးမဲ့အင်တာနက်များ ချိတ်ဆက်ပေးထားသည်။

တစ်ဖန် အများသုံး သန့်စင်ခန်း၊ အများသုံး ဧည့်ခန်း၊ ဆေးလိပ်သောက်ခန်းနှင့် အများသုံး ဧည့်ခန်းတို့ကို စုပေါင်းအသုံးပြုနိုင်အောင် စီစဉ်တည်ဆောက်ပေးထားသည်။ အခန်းကျဉ်းသဖြင့် ဈေးနှုန်းသက်သာသည်။ ကြိုတင်မှာယူသော ဧည့်သည်များအတွက် ၂၄ နာရီလျှင် ၈၈ ယွမ် သတ်မှတ်ထားပြီး ၁၀ နာရီအတွက် ၆၈ ယွမ် သတ်မှတ်ပေးထားသည်။

စီစဉ်

ယခုအာကာသယာဉ်အခန်းပုံစံ ဟိုတယ်မှာ အမျိုးသားများ သီးသန့်အတွက်သာ ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင်မူ ၄င်းဟိုတယ်မျိုး များစွာရှိသည်။ ဂျပန်နိုင်ငံတွင် အမျိုးသားများ သီးသန့်မဟုတ်ဘဲ အမျိုးသမီးများလည်း တည်းခိုနိုင်အောင် စီစဉ်ထားသည်။

စာမျက်နှာ ၉ ကော်လံ ၆ ■

ရှန်ဟိုင်းမြို့ရှိ အာကာသယာဉ်အခန်းပုံစံ ဟိုတယ်ကို တွေ့ရစဉ်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် ညအပူချိန်များ ၁၂-၁-၂၀၁၁

ဟားခါးမြို့	- ၂ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၄ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၄ ဒီဂရီစင်တီဂရိတ်

13-1 (20).pmd 1 1/13/2011, 2:42 AM

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး စက်ရုံနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ရေးလုပ်ဆောင် ဝန်ထမ်းများအား အရည်အချင်းပြည့်ဝပြီး ကျွမ်းကျင်စွာ ကိုင်တွယ်တတ်အောင်လေ့ကျင့်

နည်းပညာကျွမ်းကျင်မှုနှင့် စက်ပိုင်းဆိုင်ရာကြံ့ခိုင်မှု ဒွန်တွဲတိုးတက်ရေး စီမံဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်ရှိ အဆိုပါစက်ရုံအဝင်မုခ်ဦး၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်)ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်)

မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးများ အစဉ်အဆက်ထိန်းသိမ်း

မြန်မာတိုင်းရင်းသားတို့သည် ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထား မြတ်နိုးကြသူများဖြစ်ကြသည်။ ရိုးရာဓလေ့ အစဉ်အလာအရ ကျင့်ကြံနေထိုင်တတ်ကြသည့် အလေ့အထ အမူအကျင့် အသုံးအဆောင်အားလုံးသည် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများဖြင့် ထုံမွမ်းလျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝတောတောင်၊ ရေမြေအလှများအပြင် တရားဓမ္မ၊ စိတ်အလှစေတနာ၊ သဒ္ဒါပွားများမှုထွန်းကားရာ နေချင့်စဖွယ် အလှအပသဘာဝများဖြင့် ပြည့်စုံလျက်ရှိသည်။ မြန်မာတို့သည် မြတ်နိုးဖွယ်ရာ မိသားစုအသိုင်းအဝိုင်းနှင့် နေတတ်သည့် ဓလေ့များရှိသည်။

မြန်မာတို့၏ အနုပညာရပ်များသည်လည်း ယဉ်ကျေးသိမ်မွေ့မှု၊ ဖြောင့်မတ်ရိုးသားမှု၊ ရိုးရာဓလေ့စရိုက်အစဉ်အလာ လိုက်နာကျင့်ကြံထိန်းသိမ်းမှု၊ အမျိုးအနွယ်ကိုစောင့်ရှောက်မှု စသည့် လေးစားမြတ်နိုးဖွယ်ရာ မြန်မာ့ဂုဏ်ရည်များနှင့် ပြည့်စုံလျက်ရှိသည်။

ယဉ်ကျေးမှု၏ ဂုဏ်အင်္ဂါရပ်များတွင် လူနေမှုအဆင့်အတန်းကို ပိုမိုမြင့်မားရန် ဖန်တီးဖော်ဆောင်ပေးနိုင်သည့် အတတ်ပညာနှင့် ထုံးတမ်းဓလေ့၊ ကျင့်ဝတ်များကို ထိန်းသိမ်းတတ်သည့် ကိုယ်ကျင့်သိက္ခာများ ပေါင်းစည်းပါဝင်လျက်ရှိသည်။

မြန်မာလူမျိုးတို့၏ ကြင်နာမှု၊ ချစ်ခင်ရင်းနှီးမှု၊ စာနာထောက်ထားမှုများ စသည့် နူးညံ့သိမ်မွေ့သည့် စိတ်ဓာတ်ကောင်းများသည် မွေးရာပါဗီဇကောင်းများဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးပြီး စုပေါင်းပါဝင် ဆောင်ရွက်တတ်မှုများရှိသည်။

ရှေးကာလကတည်းကပင် မြန်မာတို့၏ အဆင့်အတန်းမြင့်မားပြီး ကျယ်ဝန်းနက်ရှိုင်းသည့် မြန်မာ့ရိုးရာကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များ ခိုင်ခိုင်ခံ့ခံ့ ဖြစ်ထွန်းနေလျက်ရှိသည်။ တိုင်းတစ်ပါး၏ ယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးမှု အန္တရာယ်မှ ကာကွယ်တားဆီးနိုင်စွမ်းရှိခဲ့သည်။

သို့ဖြစ်ရာ ဘိုးဘွားမိဘများက သမိုင်းအစဉ်အဆက် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့သည့် မြန်မာတို့၏ ယဉ်ကျေးမှုရိုးရာဂုဏ်ရည်များကို အမွေခံကောင်းများအဖြစ်ခံယူကာ ယနေ့ လူငယ်လူရွယ်များ ဆက်လက်ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နာနတ်တော-ထေးပလော်ခူလမ်း ကွန်ကရစ်တံတားဆောက်လုပ်နေမှုကို ဒီဇင်ဘာ ၂၅ ရက်က ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အင်းတော်၌ ကတ္တရာလမ်းထပ်ပိုးလွှာခင်း

အင်းတော် ဇန်နဝါရီ ၁၂

အင်းတော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အရှည် ၈၃၉ ပေ၊ အကျယ် ၁၂ ပေရှိ မြို့ပြ မြကန်သာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၉ ရက်က တာဝန်ခံအငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်အောင်ဦးနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

အလက(၄) မြောက်ဥက္ကလာပ မြတ်ဆရာ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

အလက(၄) မြောက်ဥက္ကလာပတွင် ၁၉၆၈မှ ၂၀၁၀ခုနှစ်အတွင်း တာဝန် ထမ်းဆောင်ခဲ့ဖူးသည့် အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် အဆိုပါ ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့် ယင်းနှစ်များ အတွင်း တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ မည်သူမဆို ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဇန်နဝါရီ ၁၆ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ အစည်းအဝေးကျင်းပမည်ဖြစ်ရာ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးအုန်းကြိုင် ဖုန်း-၇၃၀-၄၆၂၆၈၊ ကိုသန့်စင် ဖုန်း-၀၉-၅၁၆၆၄၀၈၊ ကိုအေးကျော် ဖုန်း-၇၃၀-၁၀၅၂၀၊ ၇၃၀-၁၈၁၃၂၊ ၀၉-၅၄၀၈၃၄၆၊ ကိုဝင်းနိုင် ဖုန်း-၇၃၁-၀၆၅၀၇၊ မနီနီဝင်း ဖုန်း-၆၉၀၁၅၆နှင့် ဒေါက်တာ အလီမွာထူး ဖုန်း-၀၉-၅၀၉၁၂၅၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျိုင်းတုံ-တုံတာ-မိုင်းပျဉ်းကားလမ်း
တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ကျိုင်းတုံ-တုံတာ-မိုင်းပျဉ်းကားလမ်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နမ့်လီချောင်းကူးတံတား ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီးနောက် မိုင်းပျဉ်း-ဆွတ်ဝိုး-မက်မန်း ကားလမ်းလုပ်ငန်း ဆောင်ရွက်နေမှု၊ နမ့်နန်းချောင်းနှင့် နမ့်ကျွတ်ချောင်းကူးတံတား ဆောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၇ ရက်က မက်မန်းမြို့ ရေကန်သစ်ဆောက်လုပ်နေမှု၊ မက်မန်းမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ မက်မန်းပြည်သူ့ဆေးရုံနှင့် ဆွတ်ဝိုးပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း သင်တန်းနည်းပြများ သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ သင်တန်းနည်းပြများ သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ စီမံကိန်းဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ **(အောက်ပုံ)**နှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေ ကိုယ်စားလှယ် Dr. Shin Imai တို့ အဖွင့်အမှာစကားပြောကြားကြသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr. Shin Imai၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ TCP/MYA/3301(D)စီမံကိန်း ဦးဆောင်ကော်မတီ အကြံပေးပညာရှင် Ms. Josie B. Perez၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအောက်ရှိ လုပ်ငန်းဌာနမှ တာဝန်ရှိသူများ၊ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်မြေစာရင်းဦးစီးဌာနများမှ သင်တန်းသားအရာရှိ ၁၀၆ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(ကြေးတိုင်နှင့်မြေစာရင်း)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

သာကေတမြို့နယ် အမှတ်(၂၅)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ စတုတ္ထတန်း မြို့နယ်ဘက်စုံ ပထမဆုရ မအိသဉ္ဇာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိနိုင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်၊ ညီနောင်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဖွင့်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ခင်းကျင်းပြသထားသော တိရစ္ဆာန် အစားအစာနှင့် ဆေးဝါးအရောင်းပြခန်းများကိုလှည့်လည်ကြည့်ရှုအားပေးကြရာ (ဝဲပုံ) တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲကို ကျင်းပရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာ အထက(၁)
ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး အထက(၁) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက အထက(၁) မြတ်ခရေခန်းမ၌ကျင်းပရာ (အငြိမ်းစား) ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်စိုးတင့်နှင့်အတူ ဆရာ ဆရာမ ကိုးဦး၊ ကျောင်းသားဟောင်း ကိုးဦးတို့က ဆီမီးတိုင်များထွန်းညှိပြီး ပူဇော်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ပူဇော်ကန်တော့

ဆက်လက်၍ ဆရာ ဆရာမများအား ပူဇော်ကန်တော့ကြပြီးနောက် **(အပေါ်ယာပုံ)** အာစရိယပူဇော်ပွဲကျင်းပရေး ဥက္ကဋ္ဌ ဒေါ်ဆောင်းသီတာက ကျေးဇူးတင်စကားနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်စိုးတင့်တို့က ဂုဏ်ပြုစကားပြောကြားကြကာ ထာဝရငွေပဒေသာပင်အတွက် လှူဒါန်းငွေများကို အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၇ ရက်က ကျင်းပသော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကော့မှူးမြို့နယ် ကျိုက်ထော် အခြေခံ ပညာအထက်တန်းကျောင်း၏ ပညာရည်ချွန် ဆုချီးမြှင့်ပွဲ၌ ပထမတန်းတွင် ပထမဆုရရှိသည့် မစံပယ်ဖြူအား ကျောင်းအုပ်ဆရာကြီး ဦးအောင်လွင်မြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ဘဝအလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ် ဆားလင်းကြီးမြို့နယ် ဘုတ်စုကျေးရွာ၌ ဖွင့်လှစ်

ဆားလင်းကြီး ဇန်နဝါရီ ၁၂

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဘုတ်စုကျေးရွာ ဘဝအလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉နာရီက ဘုတ်စုကျေးရွာ ဘဝအလင်းရောင် စာကြည့်တိုက်ရှေ့၌ကျင်းပရာ အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်၊ ဘုတ်စုကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်က စာကြည့်တိုက်ရန်ပုံငွေ လှူဒါန်းပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က သုတ ရသ မဂ္ဂဇင်းစာစောင်များ ပေးအပ်လှူဒါန်းကြရာ ဘုတ်စုကျေးရွာဥက္ကဋ္ဌ ဦးဇော်ထွန်းနှင့် စာကြည့်တိုက်မှူး ဦးအောင်သူတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ အမက(၂) ကျောင်းရှေ့မျက်နှာစာ၌ မြေယာရှင်းနှင့် ပန်းအလှပင်များ၊ ဘဲစားမြက်များအား အဖွဲ့ဝန်ထမ်းများ စိုက်ပျိုးဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၈ ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား ကွမ်းလုံမြို့နယ်၌ ကျင်းပ

ကွမ်းလုံ ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့တွင် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀က လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ နံနက် ၈နာရီတွင် သံလွင်ဦးခန်းမ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်ဥက္ကဋ္ဌ ဦးကျော်သက်က ဖတ်ကြားသည်။ ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ မာရသွန်ပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇင်းကျိုက် အထက မြတ်ဆရာ ပူဇော်မည်

ပေါင် ဇန်နဝါရီ ၁၂

ပေါင်မြို့နယ် ဇင်းကျိုက် အထက၏ ပဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၅၇-၄၉၁၆၉၊ ဦးစိန်အောင်ကြည် ဖုန်း-၀၁-၅၂၆၃၇၄၊ ၀၉-၈၆၂၄၃၅၈၊ ဦးမင်းချိုဝင်း ဖုန်း-၀၉-၅၁၃၈၈၅၀၊ ဒေါ်သန်းသန်းအေး ဖုန်း-၀၅၇-၄၉၀၆၁၊ ဦးမင်းဘတင် ဖုန်း-၀၅၇-၄၉၀၇၀နှင့် ဦးအောင်မင်းနိုင် ဖုန်း-၀၅၇-၄၉၁၄၉တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

သမဝါယမဘဏ်လီမိတက် မင်္ဂလာဈေးဘဏ်ခွဲ ပြောင်းရွှေ့ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၂

သမဝါယမဘဏ် လီမိတက် (အများပိုင်ဘဏ်) မင်္ဂလာဈေးဘဏ်ခွဲကို ယခင်ဖွင့်လှစ်ခဲ့သော ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် ၁၁၈ လမ်းနှင့် စက်ရုံလမ်းထောင့် အမှတ်(၅၃)မှ ယခုအခါ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် စက်ရုံလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့် အမှတ်(၁၃၃)သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ဘဏ်လုပ်ငန်းကိစ္စ အရပ်ရပ်နှင့် ပြည်တွင်း ငွေလွှဲလုပ်ငန်းများကို ကောင်းမွန်သော ဝန်ဆောင်မှုနှင့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းနှင့် ဘဏ်လုပ်ငန်းနှင့်စပ်လျဉ်း၍ ဖုန်း-၀၁-၉၀-၀၀၁၉၂၊ ၉၀-၀၀၁၉၃၊ ၉၀-၀၀၁၉၄၊ ၉၀-၀၀၁၉၅၊ ဖက်စ်ဖုန်း-၀၁-၉၀၀၀၁၈၃၊ ၉၀-၀၀၁၈၄၊ ၉၀-၀၀၁၈၅ နှင့် ၉၀-၀၀၁၈၆ တို့ထံသို့ ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်း သမဝါယမဘဏ် လီမိတက် မင်္ဂလာဈေးဘဏ်ခွဲက အသိပေးထားသည်။ **(သတင်းစဉ်)**

အီရတ်-အာဖဂန်သတင်းများ

အီရတ်-အာဖဂန်သတင်းများ အီရတ်-အာဖဂန်သတင်းများ

အီရတ်နိုင်ငံ အရှေ့ဘက်ခြမ်းကျေးရွာ ဗုံးများပေါက်ကွဲ အစိုးရအသည်း မနေ့ရက်မနေ့ရက် ဆက်တိုက်ဖြစ်ပွား

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိရာ ဇန်နဝါရီ ၁၁ရက်က ဘဂ္ဂဒက်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး ၁၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘဂ္ဂဒက်ရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

ထို့ပြင် ဘဂ္ဂဒက်မြို့ အက်ဟာမီယာအရပ်တွင်လည်း ဇန်နဝါရီ၁၁ ရက်က လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ် ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တစ်ဖန် ဘဂ္ဂဒက်မြို့တောင်ဘက်မိုင် ၃၀ခန့်အကွာ အယ်မာမွတ်ဒီယက်မြို့တွင်လည်း ယင်းနေ့က လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားရာ ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရ

ဆက်လက်ပြီး ဘဂ္ဂဒက်မြို့တောင်ဘက် အယ်လာတီဖီယက်မြို့တွင် ဇန်နဝါရီ ၁၁ရက်က လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

စစ်ပွဲလက်ကျန် မိုင်းဟောင်းတစ်လုံးကို ဆော့ကစားရာမှ ပေါက်ကွဲမှုဖြစ်ခဲ့၍ ထိခိုက်ဒဏ်ရာရခဲ့သည့် ကလေးငယ်တစ်ဦးအား မြင်တွေ့ရစဉ်။

အာဖဂန်တွင် ကလေးငယ်များ မိုင်းဟောင်းနှင့် ဆော့ကစားရာမှ ပေါက်ကွဲ

အဆာဒါဘတ် ဇန်နဝါရီ ၁၂

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အရှေ့ဘက် ကူနာပြည်နယ်တွင် ဇန်နဝါရီ ၁၁ရက်က မိုင်းတစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ ကလေးငယ်ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲခဲ့

ဖြစ်စဉ်မှာ ကူနာပြည်နယ် နာရန်ခရိုင်တွင် မိုင်းတစ်လုံးကို ကလေးငယ်များ ဆော့ကစားရာမှ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ၎င်းမိုင်းမှာ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ဖြစ်ပွားခဲ့သော စစ်ပွဲများမှ ကျန်ရှိခဲ့သည့် မိုင်းဖြစ်သည်ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် စစ်ပွဲများအတွင်း မိုင်းများကျန်ရှိမှုအများဆုံးနိုင်ငံများတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၁၂ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၄၆၃၁** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၅၄၆၉** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၆၃၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၅၄၆၉ ဦး

(အင်တာနက်)

အာဖဂန်မှ အမေရိကန်စစ်ဆေးရေးမှူးချုပ်တစ်ဦး ရာထူးမှနုတ်ထွက်ကြောင်း အတည်ပြု

ဝါရှင်တန် ဇန်နဝါရီ ၁၂

အာဖဂန်နစ္စတန် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အမေရိကန် အထူးစစ်ဆေးရေးမှူးချုပ် အာနိုးဖီးစ်မှာ ရာထူးမှထွက်သွားကြောင်း အမေရိကန်သမ္မတအိမ်ဖြူက ဇန်နဝါရီ ၁၁ရက်၌ အတည်ပြုကြေညာလိုက်သည်။

ဖယ်ရှား

မစ္စတာဖီးစ်က ၎င်းကိုယ်တိုင် သူ၏လက်ထောက်နှစ်ဦးအား အရေးယူကာ ရာထူးမှ ဖယ်ရှားပြီးနောက် ရက်ပိုင်းအတွင်းတွင် သူကိုယ်တိုင် ရာထူးမှထွက်လိုက်ခြင်းဖြစ်သည်။

အာဖဂန်နိုင်ငံအတွက် အမေရိကန်ထောက်ပံ့ရေး အစီအစဉ်များတွင် ပေါ်ပေါက်သည့် အဂတိလိုက်စားမှုများကို ပိုင်နိုင်စွာ ကိုင်တွယ်နိုင်ခြင်းမရှိဟု အမေရိကန်ကွန်ဂရက်က ၎င်းအား ဖိအားပေးပြီးနောက် မစ္စတာဖီးစ်က သူ့လက်ထောက်နှစ်ဦးကို အရေးယူခဲ့ခြင်းဖြစ်သည်။ ယခုအခါ ၎င်း၏ နုတ်ထွက်လွှာကို အမေရိကန်သမ္မတ အိုဘားမားကလက်ခံလိုက်ပြီဖြစ်သည်။ **(အင်တာနက်)**

အီရတ်ငါးဖမ်းသင်္ဘောနှင့် ကူဝိတ်ကမ်းခြေစောင့်တပ်တိုက်ခိုက်

ကူဝိတ် ဇန်နဝါရီ ၁၂

အီရတ်ငါးဖမ်းသင်္ဘောတစ်စင်း ကူဝိတ်ရေပိုင်နက်အတွင်း ဝင်ရောက်သဖြင့် ကူဝိတ်ကမ်းခြေစောင့်တပ်ရေယာဉ်နှင့် အပြန်အလှန်ပစ်ခတ်ကြရာ ကူဝိတ်ကမ်းခြေစောင့်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားကြောင်း အင်တာနက်သတင်းတွင် ဇန်နဝါရီ ၁၁ရက်က ဖော်ပြသည်။

ကူဝိတ်ကမ်းခြေစောင့်တပ်က ရေပိုင်နက်ကျူးကျော်လာမှုအတွက် သတိပေးဟန့်တားသော်လည်း အီရတ်ငါးဖမ်းသင်္ဘောက အလေးမထားသဖြင့် ဇန်နဝါရီ ၁၀ရက်က အပြန်အလှန်ပစ်ခတ်ကြခြင်းဖြစ်သည်။

ဒဏ်ရာရခဲ့

အီရတ်ငါးဖမ်းသင်္ဘောကို ပစ်ခတ်ရာတွင် အီရတ်သုံးဦး ဒဏ်ရာရခဲ့ပြီး နှစ်ဦးအား ဖမ်းဆီးမိလိုက်ကြောင်း ကူဝိတ်ကမ်းခြေစောင့်တပ်က ထုတ်ဖော်ပြောကြားသည်။ ***(အင်တာနက်)***

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇန်နဝါရီ ၁၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၁၂ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၅၆၃** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၀၇၇၄** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၅၆၃ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၇၇၄ ဦး

(အင်တာနက်)

အီရတ်နိုင်ငံ တီကရစ်မြို့မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံ တီကရစ်မြို့ မြောက်ပိုင်း ကီလိုမီတာ ၁၂၀ခန့်အကွာ အယ်ရှာကတ်မြို့တွင် ဇန်နဝါရီ ၁၁ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် ခုနစ်ဦး သေဆုံးခဲ့သည်ဟု တီကရစ်မြို့ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ယာပုံ)**

ထိုသို့ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူများတွင် တက္ကသိုလ်ပါမောက္ခတစ်ဦး အပါအဝင် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် ပြည်သူ ငါးဦးတို့ သေဆုံးခဲ့သည်။ ၎င်းရဲတပ်ဖွဲ့ဝင်မှာ ကျောင်းအနီး ကားရပ်စခန်းအတွင်း ကားများကို စစ်ဆေးနေစဉ် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

တစ်ဖန် ဒူရာခရိုင်တောင်ပိုင်းတွင်လည်း ယင်းနေ့က ဗုံးပေါက်ကွဲမှုကြောင့် လေးဦးဒဏ်ရာရရှိခဲ့သည်။ အီရတ်နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့် သုံးနှစ်ခန့်မှ စတင်ကာ ဗုံးခွဲတိုက်ခိုက်မှုများ မြင့်တက်လာခဲ့သည်။ **(အင်တာနက်)**

ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း ဓာတ်အားပေးစက်အမှတ်(၁) စတင်ထုတ်လုပ်မောင်းနှင်

နေပြည်တော် ဇန်နဝါရီ ၁၂

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးက ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါး ကျေးရွာအနီးရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ပထမဓာတ်အားပေး စက်အမှတ်(၁) ဓာတ်အားစတင်ထုတ်လုပ် မောင်းနှင်လည်ပတ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါစီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ လျှပ်စစ် ဓာတ်အားပေးစက်ရုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်တို့က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ပထမ စက်တစ်လုံးစတင်လည်ပတ်ခြင်း အထိမ်းအမှတ် အခမ်း အနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံ၏ ပထမစက်အမှတ်(၁)ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

အဆိုပါ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းသည် စက် တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်ရှိပြီး စစ်တောင်းမြစ်ဝှမ်း ဒေသအတွင်း တည်ဆောက်ဖွင့်လှစ်ထားကာ ရေအားလျှပ်စစ် စီမံကိန်းများဖြစ်သည့် ဇော်ဂျီ ၂၀မဂ္ဂါဝပ်၊ ရဲနွယ် ၂၅ မဂ္ဂါဝပ်၊ ခပေါင်း ၃၀မဂ္ဂါဝပ်၊ ပသိ ၂ဒသမ ၂မဂ္ဂါဝပ်တို့ ထက် စက်တပ်ဆင်အင်အားအနေဖြင့် အကြီးဆုံးဖြစ်သည်။

ထုတ်လုပ်ပေးနိုင်

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသည် စက်တစ်လုံး လျှင် ၁၈ဒသမ၇၅ မဂ္ဂါဝပ်ရှိ စက်လေးလုံးဖြင့် စုစုပေါင်း တပ်ဆင်အင်အား ၇၅မဂ္ဂါဝပ်မှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၂၆၂သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်သည်။ ယခုအခါ အဆိုပါစီမံကိန်း၏ ပထမ စက်အမှတ်(၁)မှ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ် ပေးနိုင်ခဲ့ပြီဖြစ်ပြီး ကျန်ရှိသည့် စက်အမှတ်(၂)၊ စက်အမှတ် (၃)နှင့် စက်အမှတ်(၄)တို့မှလည်း မကြာမီကာလအတွင်း လျှပ်စစ်ဓာတ်အားများ ဆက်လက်ထုတ်လုပ်ပေးနိုင်တော့ မည်ဖြစ်သည်။ ယခုအခါ စီမံကိန်းတစ်ခုလုံးမှာ ၉၆ ဒသမ ၆၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ **(သတင်းစဉ်)**



ငါးလုပ်ငန်းအဖွဲ့ချုပ် (ရခိုင်ပြည်နယ်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

စစ်တွေ ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (ရခိုင်ပြည်နယ်) စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက် ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် ငါး လုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းဇော်က မြန်မာ နိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (ရခိုင်ပြည် နယ်) ရေထွက်ပို့ကုန်များတိုးတက်ထုတ် လုပ်ပြီး နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိ ရေး၊ ရခိုင်ပြည်နယ်၏ ပုစွန်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

တင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ ငါး လုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှု ဆောင် ဦးကြီးငွေက အဖွဲ့ချုပ်၏ စည်းမျဉ်း၊ စည်းကမ်းများရှင်းလင်းခြင်း၊ ဂီရိမုန်တိုင်းသင့် ဒေသများသို့ ငါးဖမ်း ကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း နှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်း များဆောင်ရွက်မည့် အခြေအနေတို့ကို ဆွေးနွေးတင်ပြသည်။

ဘက်စုံတိုးတက်ရေး

ထို့နောက် ရခိုင်ပြည်နယ် ငါး လုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး ဦးမျိုးအောင်က ပုစွန်မွေးမြူ ရေးအပါအဝင် ရေလုပ်ငန်းကဏ္ဍများ ဘက်စုံတိုးတက်ရေးကိစ္စများနှင့် စပ် လျဉ်း၍ ဆွေးနွေးခဲ့ကြောင်းသိရှိရ သည်။**(အောက်ပုံ)**

(ငါးလုပ်ငန်းဦးစီး)

တိုက်ကြီးမြို့နယ် အဖျောက်မြို့ အထက ကျောင်းသား ကျောင်းသူ ဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ ရက်က ကံ့ကော်ဆောင်ခန်းမ၌ ကျင်းပရာ အသက်(၆၀)နှင့်အထက် ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ ကြစဉ်။ (မြန်မာ့အလင်း)

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သာကေတ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အလွတ် တန်း အမျိုးသား အမျိုးသမီး မြို့ပတ်တာဝေးအပြေးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသော မောင်ထွန်း သန်းဦးအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမင်း ဆုဖလားနှင့် ဂုဏ်ပြုဆုပေးအပ်စဉ်။ (၁၁၆)

မော်လမြိုင်ကောလိပ် ကျောင်းသားဟောင်းများတွေ့ဆုံပွဲ

မော်လမြိုင် ဇန်နဝါရီ ၁၂

မော်လမြိုင်ကောလိပ်/တက္ကသိုလ် ကျောင်းသားဟောင်းများ၏ တတိယ အကြိမ် တွေ့ဆုံပွဲကို မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ဖေဖော်ဝါရီ ၁၂ရက် (စနေနေ့) ညနေ ၅ နာရီတွင် ကျင်းပ မည်ဖြစ်သည်။ ကျောင်းသားဟောင်း များအနေဖြင့် တက်ရောက်လာမည့် ဆရာ ဆရာမများအား တစ်ဦးချင်း ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ် လှူဒါန်းမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြ ရန်နှင့် တွေ့ဆုံပွဲနှင့်စပ်လျဉ်း၍ ကိုရဲမြင့် (ရန်ကုန်) ဖုန်း-၀၉-၅၅၀၆၁၀၉၊ ကိုမြင့်လွင် ဖုန်း-၀၉-၅၀၁၅၆၈၄၊ SS ကိုကျော်ဝင်း(မော်လမြိုင်) ဖုန်း- ၀၅၇-၂၄၆၄၄၊ ကိုအောင်ကျော်ခင် ဖုန်း-၀၉-၅၃၂၂၇၀၃၊ ကိုအောင်ကြည် ဦး ဖုန်း-၀၉-၈၇၀၂၀၄၃၊ ကိုဝင်းလှိုင် (ပဲခူး)ဖုန်း-၀၅၂-၂၁၉၆၆၊ ကိုမြင့်ဟန် (သထုံ)ဖုန်း-၀၉-၈၇၂၀၄၆၀၊ ကိုမြင့် စိုး ဖုန်း-၀၉-၈၇၂၀၆၉၂၊ ကိုကျော် ဟိုး(ဘားအံ) ဖုန်း-၀၅၈-၂၁၂၈၉ တို့ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၀၁၄)**

အရန်သားဖွားဆရာမ ဆေးပုံးများ မော်လိုက်မြို့နယ်၌ ပေးအပ်

မော်လိုက် ဇန်နဝါရီ ၁၂

မော်လိုက်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အရန်သားဖွားဆရာမ ဆေးပုံးများပေးအပ်ပွဲကို မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ရှေးဦးစွာ မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာ စကားပြောကြားသည်။ ထို့နောက် ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဦးကျော်က အရန်သားဖွား ဆရာမများအနေဖြင့် မိသားစုကျန်းမာ ရေး စီမံချက်အတွက် ကျေးလက် အောက်ခြေအဆင့်တွင် အဓိကအားထား ရမည့်သူများဖြစ်သဖြင့် ကျေးလက် ပြည်သူများထံ ကျန်းမာရေးအသိပညာ များရရှိအောင် ပညာပေးရေးကိစ္စများ ရှင်းလင်းပြောကြားသည်။ အခမ်း အနားသို့ မော်လိုက်မြို့နယ်မှ အရန် သားဖွားဆရာမ ၃၄ဦး၊ ဖောင်းပြင် မြို့နယ်မှ ၁၂ဦး စုစုပေါင်း ၄၆ ဦးတို့ အား ကျန်းမာရေးဝန်ကြီးဌာနက ပံ့ပိုး သော အရန်သားဖွားဆရာမ ဆေးပုံး များကို တာဝန်ရှိသူများက ပေးအပ် သည်။ **(ခရိုင်ကျန်းမာရေး)**

စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးတွင် မြို့နယ် မီးသတ်တပ်ဖွဲ့ ဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ ဝန်ထမ်းများ ပူးပေါင်း၍ ဒီဇင်ဘာ ၂၆ ရက်က မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှု ဆောင်ရွက်ရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၂

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၂)တွင် လွှတ်တော်နိုင်ငံရေးနှင့် ဒီမိုကရေစီနိုင်ငံတော် မျက်နှာဖုံးသုံးသပ် ဆောင်း ပါး၊ ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီ ဖြစ်သည်။

ယင်းအပြင် ကိုရီးယား F4 မင်းသားနှင့် နှင်းပွင့်ဇကရီမင်းသမီး မြန်မာနိုင်ငံလာမည်၊ အေးစက်ခဲ့သော အိမ်ရာအရောင်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းများ ၂၀၁၁တွင် လှုပ်လှုပ်ရှားရှား၊ ယာဉ်မောင်းသူများ တာယာ အသုံးပြုမှု အသိပညာနည်းပါးနေခြင်းကြောင့် ယာဉ်မတော်တဆ တိမ်း မှောက်မှုများ ရှိနေခြင်းဖြစ်ဟုဆို၊ ဈေးသစ် ဈေးအိမ်သာအတွင်း လူတစ်ဦး အသတ်ခံရ၊ အရှေ့လေပွေလှိုင်းများကြောင့် အအေးပေါ့မှုများနှင့် မိုးရွာသွန်း မှုများ မြန်မာနိုင်ငံဒေသအချို့ ခံစားခဲ့ရ၊ ၂၀၁၁တွင်ပုံပေါ်လာမည့် မြန်မာ့ စီးပွားရေးမြင်ကွင်းသစ်၊ ဘုရင့်နောင်ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည် ဈေးကွက် သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ လူငယ်နှင့်ဂီတ၊ သင်္ကြန် ဆိုတာ နှစ်ဟောင်းကနေ နှစ်သစ်ကူးတဲ့ မင်္ဂလာအချိန်လေးပေါ့ အိချောပိုနှင့် လိုတိုဖျူးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိ လာပြီဖြစ်သည်။

မင်းသားကြီးအာနီး ပြည်နယ်အုပ်ချုပ်ရေးမှူးရာထူးမှ ဆင်းပေးပြီ၊ ပြင်သစ်သမ္မတကတော် ကာလာဘရူနီအကြောင်း၊ ရုရှားသူလျှိုမယ်က လျှို့ဝှက်ချက်များကို ဖော်ထုတ်သွားမည်ဟုဆို၊ တရုတ်တိုင်းရင်းဆေးပညာ ရှင်များ ပါရဂူအမည်ခံကာ ဆေးကုသမှုကို စိစစ်အရေးယူမည်၊ စင်ကာပူ တွင် အကြွေးဝယ်ကတ် ဈေးကွက်ပြိုင်ဆိုင်မှု အရှိန်မြင့်လာ၊ ဂျပန်တွင် ကျွမ်းကျင်လုပ်သား ရှားပါးနေသော်လည်း နိုင်ငံခြားလုပ်သားများ အပေါ် ပိုမိုတင်းကျပ်ထား၊ ဆယ်ကျော်သက် မိန်းကလေးတစ်ဦး အသတ်ခံရမှု သက်သေအထောက်အထား မခိုင်လုံသဖြင့် စွဲချက်မတင်နိုင်သေး စသည့် မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

ဆားလင်းကြီးစည်ပင် ကျေးလက်တံတား ဆောက်လုပ်

ဆားလင်းကြီး ဇန်နဝါရီ ၁၂

ဆားလင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာ ရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ဆားလင်း ကြီးမြို့နယ် ဖလန်တန်ကျေးရွာအဝင် သစ်သားတံတား ဆောက်လုပ်နေမှုကို အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် အင်ဂျင်နီယာ ဦးအောင်ကြည်စိုးတို့ ဇန်နဝါရီ ၇ ရက်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)



ကော့သောင်းနှင့်လောက်ကိုင်မြို့နယ်များအတွင်း လမ်းလုပ်ငန်းများ

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် ဒီဇင်ဘာ ၂၀ရက် နံနက်ပိုင်းက ကွတ်ခိုင်မြို့နယ် နမ့်တောင်ကျေးရွာအနီး ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး လမ်းဖောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် မုံးစီး-တာပါး-တာရွှေထန် လမ်းပေါ်ရှိ သံလွင်မြစ်ကူး သံလွင်တံတား (တာပါး)သို့ ရောက်ရှိပြီး တံတားကြံ့ခိုင်ကောင်းမွန်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာပါး-တာရွှေထန်လမ်း တိုးချဲ့ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် လမ်းတစ်လျှောက် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လောက်ကိုင်-ကုန်းကြမ်း လမ်းဖောက်လုပ်နေမှုနှင့် လမ်းခင်းကျင်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ကွန်ပျူတာသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဝန်ထမ်းရေးရာနှင့်သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်တင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား ၄၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်ရှိ Nibban အီလက်ထရွန်နစ်စက်ရုံ၌ ဒီဇင်ဘာ ၃၀ရက်က ကျင်းပရာ မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ကြစဉ်။ (၁၀၀)

ပြည်မြို့၌ စာပေဟောပြော

ပြည် ဇန်နဝါရီ ၁၂

၂၀၁၁ခုနှစ် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့ ရွှေတစ်ချောင်းလမ်း မဟာဇေယျာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုနှင်းသဘင်နှင့် စာပေဟောပြောပွဲကို ဇန်နဝါရီ ၄ ရက် ည ၈ နာရီက ကျင်းပရာ အခမ်းအနားသို့ ပညာရည်ချွန်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ထို့နောက် ထူးချွန်ဆုရ ကျောင်းသားများအား ဆုများချီးမြှင့်ပြီးနောက် စာရေးဆရာ သန်လျင်မောင်မောင်ဦးက "စာပေဟောပြောပွဲများနှင့် ကျွန်တော်"၊ မြင့်ခိုင်(အညာမြေ)က "စာဖတ်မှ တတ်သိမယ်"၊ အမျိုးသားစာပေဆုရ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)က "သုတရသစာပေအဖြာဖြာ"ခေါင်းစဉ်များဖြင့် စာပေဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ညောင်လေးပင်မြို့၌ စာပေဟောပြော

ညောင်လေးပင် ဇန်နဝါရီ ၁၂

၁၃၇၂ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ဇန်နဝါရီ၇ရက်က ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)ညောင်လေးပင်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟံစိုးက အမှာစကားပြောကြားပြီး စာရေးဆရာဦးမြင့်သိန်း (တက္ကသိုလ်ကိုလတ်)က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)က ပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။ **(အောက်ပုံ)**

ဟောပြော

ထို့နောက် စာရေးဆရာ ဦးသိန်းအောင် (သိန်းအောင်-ညောင်လေးပင်)က စာပေနှင့်စာနယ်ဇင်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က စာဆိုတော်နေ့ အထိမ်းအမှတ် အမျိုးသားစိတ်ဓာတ်နှင့် ပညာရေးခေါင်းစဉ်ဖြင့် စာပေရေးရာများကို ဟောပြောသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာကြီးကိုယ်စား ဆရာဦးဝင်းအောင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ (ဝ၅၃)

ငါးသယံဇာတထိန်းသိမ်းရေး

ခနောဖြူ၌ ဟောပြောဆွေးနွေး

ခနောဖြူ ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနောဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးနှင့် တိုးပွားလာစေရေးတို့အတွက် ဟောပြောဆွေးနွေးပွဲကို ဇန်နဝါရီ ၁ရက် ညနေ ၄နာရီခွဲက ခနောဖြူမြို့နယ် တမြာကျေးရွာအုပ်စု တမြာကျေးရွာ အမှတ်(၃) ကျွန်းသစ်ထုံးအင်း ထုံးချိန်း (ငါးဖမ်းပွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းက တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ရေလုပ်သားများ၊ အင်းသားကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား ငါးသယံဇာတ တိုးပွားရေးအတွက် တားမြစ်ထားသည့် အချိန်ကာလ၊ တားမြစ်ထားသည့် နေရာဒေသ၊ တားမြစ်ထားသည့် ငါးဖမ်းကိရိယာများဖြစ်သည့် ဘက်ထရီရှော့တိုက် ငါးဖမ်းနည်း၊ အဆိပ်ချငါးဖမ်းနည်းများဖြင့် မဖမ်းဆီးကြရန်၊ ရေရှည်တွင် ငါးသယံဇာတများ တိုးပွားများပြားလာစေရန်၊ အင်းအိုင်များအတွင်း ငါးမျိုးစိုက်ထည့် မွေးမြူရေး၊ ငါးများအား ကုန်စင်အောင် ဖမ်းဆီးခြင်းမပြုဘဲ ငါးမျိုးစနစ်တကျချန်လှပ်ထားရှိစေရေးတို့ကို ပညာပေးဆွေးနွေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဟောပြောသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ရပ်မိရပ်ဖမှ ရေလုပ်သားကြီးများ၊ အင်းသားကြီးများ ၁၂၀၊ ကျောင်းသား ကျောင်းသူ ၂၀တို့က မှား၊ မှန် မေးခွန်း ၁၀မျိုးကို ဖြေဆိုကြသည်။ ထိုဖြေဆိုပွဲတွင် ဆုရရှိသူများကို မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်း၊ တမြာကျေးရွာဥက္ကဋ္ဌ ဦးမိုးနှင်းကျော်နှင့် တာဝန်ရှိသူတို့က ပထမဆုငွေကျပ်သုံးသောင်း၊ ဒုတိယဆု ကျပ်နှစ်သောင်းနှင့် တတိယဆု ကျပ် တစ်သောင်းတို့ကို ချီးမြှင့်ခဲ့သည်။ **(၁၄၇)**

ကျွန်းလှမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ကျွန်းလှမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့)တွင် အလုံမြို့နယ် ဆဒ္ဒါန်လမ်း ဆင်မင်းကွက်သစ် အောင်စေတီကျောင်းတိုက်၌ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ရွှေရန်ကုန်ယာဉ်လိုင်းရုံးသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က သန်လျင်မြို့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေရန်ကုန်ယာဉ်လိုင်းကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၈၄)